**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE/NM/၂ /၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁)စွမ်းအင်ဝန်ကြီးဌာန၏ (၁၂.၁.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ MOE-၁/၂(လုံခြုံရေး)(၂၃၆)/၂၀၂၃

(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၈.၁.၂၀၂၃)ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(DMA)Notice (၁/၁၄၄)

(၃) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၂၀.၁၂.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ SSE/NM/၃၈/၂၀၂၂

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများအား MV. PACIFIC RAPIER (Call Sign: 9V5943) ဖြင့် (၁.၁.၂၀၂၃) ရက်နေ့မှ (၃၁.၁.၂၀၂၃) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရည်ညွှန်းချက်(၃)ပါစာဖြင့် ထုတ်ပြန်ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါနေ့ရက်၌ လုပ်ငန်းများမပြီးပြတ်သေးပါသဖြင့် (၁.၂.၂၀၂၃) ရက်နေ့မှ (၂၈.၂.၂၀၂၃) ရက်နေ့ထိ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 34′ 36.300″ N | 092° 35′ 02.724″ E |
| B | 19° 35′ 19.968″ N | 092° 36′ 45.000″ E |
| C | 19° 40′ 58.440″ N | 092° 33′ 44.208″ E |
| D | 19° 40′ 23.520″ N | 092° 32′ 19.572″ E |
| E | 19° 40′ 34.716″ N | 092° 32′ 31.272″ E |

| Point | Latitude | Longitude |
|---|---|---|
| F | 19° 41′ 56.760″ N | 092° 33′ 01.872″ E |
| G | 19° 27′ 39.420″ N | 093° 29′ 52.332″ E |
| H | 19° 26′ 21.300″ N | 093° 29′ 23.712″ E |

၃။ သို့ဖြစ်ပါ၍ (၁.၂.၂၀၂၃) ရက်နေ့မှ (၂၈.၂.၂၀၂၃) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)